နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပဋိပတ္တိပူဇနာကာရဘုရားရှိခိုး

## ၁။ ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ = ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊

**ဗုဒ္ဓေါ** = **သစ္စာလေးပါး အမှန်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍၊**

**ဗောဓာယ** = **သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူပင် သိမြင်ကြပါစေခြင်းအကျိုးငှာ၊**

**ဓမ္မံ** = **သစ္စာလေးတန် တရားမှန်ကို၊**

ဒေသေတိ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ = သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊

အဟံ = အကျွန်ုပ်သည်၊

ဝန္ဒာမိ = ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## ၂။ ဒန္တော သောဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ = ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊

**ဒန္တော = မြင်ကြားတွေ့ရာ ကြံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍၊**

**ဒမထာယ = သတ္တဝါအများ ကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာအညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ၊**

**ဓမ္မံ = ယဉ်ကျေးစေရန် တရားမှန်ကို၊**

ဒေသေတိ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ = သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊

အဟံ = အကျွန်ုပ်သည်၊

ဝန္ဒာမိ = ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## ၃။ သန္တော သောဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ = ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်။

**သန္တော = ရာဂစသား အလှူပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍၊**

**သမထာယ = သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူစွာ ငြိမ်သက် ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ၊**

**ဓမ္မံ = ငြိမ်သက်စေရန် တရားမှန်ကို၊**

ဒေသေတိ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံဘဂဝန္တံ = သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊

အဟံ = အကျွန်ုပ်သည်၊

ဝန္ဒာမိ = ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

## ၄။ တိဏ္ဏော သောဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ = ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊

**တိဏ္ဏော = ဩဃလေးဖြာ သံသရာ၏ ဟိုမှာကမ်းရောက် နိဗ္ဗာန်ပေါက်အောင် ကူးမြောက်တော်မူပြီးသည် ဖြစ်၍။**

**တရဏာယ = သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်း အကျိုးငှာ၊**

**ဓမ္မံ = ကူးမြောက်စေရန် တရားမှန်ကို၊**

ဒေသေတိ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ = သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊

အဟံ = အကျွန်ုပ်သည်၊

ဝန္ဒာမိ = ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

**၅။ ပရိနိဗ္ဗုတော သောဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။**

သောဘဂဝါ = ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊

**ပရိနိဗ္ဗုတော = ကိလေသာခပ်သိမ်း အလုံးစုံငြိမ်းပြီးသည်ဖြစ်၍၊**

**ပရိနိဗ္ဗာနာယ = သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာခပ်သိမ်း ငြိမ်းကြပါစေခြင်းအကျိုးငှာ၊**

**ဓမ္မံ = ကိလေသာငြိမ်းရန် တရားမှန်ကို၊**

ဒေသေတိ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ = သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊

အဟံ = အကျွန်ုပ်သည်၊

ဝန္ဒာမိ = ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

*မဟာစည်ဆရာတော်*

## ဥပေက္ခာပွားပုံ

**အနောဓိသပုဂ္ဂိုလ်ငါးယောက်**

၁။ သဗ္ဗေ သတ္တာ ကမ္မဿကာ =
အားလုံးသော သတ္တဝါတွေ

**ကံစီမံအတိုင်းသာ ဖြစ်ကြလေသည်။**

**ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြလေသည်။**

**ကံအားလျော်စွာ ဖြစ်နေကြရသည်။**

၂။ သဗ္ဗေ ပါဏာ ကမ္မဿကာ = အားလုံးသောအသက်ရှိသူတွေ ......

၃။ သဗ္ဗေ ဘူတာ ကမ္မဿကာ = အားလုံးသောထင်ရှားရှိသူတွေ ......

၄။ သဗ္ဗေ ပုဂ္ဂလာ ကမ္မဿကာ = အားလုံးသောပုဂ္ဂိုလ်တွေ ........

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ ကမ္မဿကာ =
အားလုံးသော ခန္ဓာကိုယ်အတ္တဘောရှိသူတွေ ......

## ဩဓိသပုဂ္ဂိုလ် ခုနစ်ယောက်

၁။ သဗ္ဗာ ဣတ္ထိယော ကမ္မဿကာ = အားလုံးသောအမျိုးသမီးတွေ .....

**ကံစီမံအတိုင်းသာ ဖြစ်ကြလေသည်။**

**ကံသာ ကိုယ်ပိုင်ဥစ္စာရှိကြလေသည်။**

**ကံအားလျော်စွာ ဖြစ်နေကြရသည်။**

၂။ သဗ္ဗေ ပုရိသာ ကမ္မဿကာ = အားလုံးသော အမျိုးသားတွေ

၃။ သဗ္ဗေ အရိယာ ကမ္မဿကာ = အားလုံးသော အရိယာပုဂ္ဂိုလ်တွေ

၄။ သဗ္ဗေ အနရိယာ ကမ္မဿကာ = အားလုံးသော ပုထုဇဉ်ပုဂ္ဂိုလ်တွေ

၅။ သဗ္ဗေ ဒေဝါ ကမ္မဿကာ = အားလုံးသော နတ်ပြဟ္မာတွေ

၆။ သဗ္ဗေ မနုဿာ ကမ္မဿကာ = အားလုံးသော လူသားတွေ

၇။ သဗ္ဗေ ဝိနိပါတိကာ ကမ္မဿကာ= အားလုံးသော အပါယ်ဘုံသားတွေ

ထိုပုဂ္ဂိုလ်(၁၂)ယောက်တို့ကို အရပ်(၁၀)မျက်နှာတွဲကာ ဆက်ပြီး ဥပေက္ခာပွားရပါမယ်။ ထိုပုဂ္ဂိုလ် (၁၂) ယောက်ကို အရပ် (၁၀) မျက်နှာဖြင့် မြှောက်ရင် (၁၂၀)ဖြစ်တယ်။ ယင်းကို အရပ်မျက်နှာနဲ့ မတွဲဖက်ဘဲ သက်သက် ပွားများနေရတဲ့ မူလပုဂ္ဂိုလ် (၁၂)ယောက်နဲ့ ပေါင်းလိုက်ရင် ဥပေက္ခာ (၁၃၂) ဖြစ်ပါတယ်။